# ငါး၏အရွယ်အစား

ကားဂိတ်ထမင်းဆိုင်တွင် ထမင်းစားသော လှတောသားနှင့် ထမင်းရောင်းသော လှတောသားတို့ ဆူဆူညံညံ ပြောနေကြ၏။

"တော့ဆီကို ထမင်းတစ်ပွဲတစ်ရာ ရတောင် ရောင်းဖို့မကောင်းဘူး၊ ထမင်းစားဖို့ လာတာမဟုတ်ဘဲ အပြစ်ပြောဖို့ လာတာလားမှမသိတာ"

ဆိုင်ရှင်က စူအောင့်ပြီး ပြောလိုက်ရာ ထမင်းစား သူက

"ပြောရပါသကောအမိရယ်၊ ကြည့်ပါဦးငါးတဲ့၊ မန်းကျည်းရွက်ဖက်လောက်ပဲရှိတယ်၊ မျက်လိုက်တဲ့အရိုး၊ အရိုးမှာလှုံ့နဲ့ထိုးသလားမှတ်ရ၊ စူးနေလိုက်တဲ့အရိုးဟာ ကျုပ်လည်ပင်းမှာဖြင့် တရုတ်အပ်စိုက်ပြီး ကုနေသလား အောက်မေ့ရတယ်" ဟု အေးဆေးစွာ ထပ်ပြောလေ၏။